# ပြည်သူ့လွှတ်တော်ရုံး
## သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်

# မြန်မာနိုင်ငံရှိ ဒီရေတောများထိန်းသိမ်းစိုက်ပျိုးမှု




ဤစာတမ်းတိုတွင် မြန်မာနိုင်ငံရှိ ဒီရေတောများတွင် ပေါက်ရောက်ရှင်သန်နေသော သစ်ပင်မျိုးစိတ်နှင့် ဂေဟာစနစ်၊ ဒီရေတောအမျိုးအစား၊ ပြည်တွင်း ဒီရေတောပေါက်ရောက်မှု၊ ဒီရေတောများပြုန်းတီးရသည့်အကြောင်းအရင်းများ၊ ပြုန်းတီးမှုအခြေအနေ၊ ဒေသခံများ၏ ကြုံတွေ့နေရသည့်အခက်အခဲများ၊ အစိုးရနှင့် အဖွဲ့အစည်းများ၏ ဆောင်ရွက်နေမှုများကို တင်ပြထားပါသည်။

စာတမ်းတိုအမှတ်စဉ် ( ၁၂၈ )

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## အကျဉ်းချုပ်

မြန်မာနိုင်ငံတွင် ဒီရေတောရေိယာအများအပြားရှိသော်လည်း ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ယခုအခါ ဒီရေတောများ လျော့နည်းလာခြင်းကြောင့် ပင်လယ်ကမ်းရိုးတန်း ကာကွယ်မှုများ ဆုံးရှုံးခြင်း၊ သီးနှံထွက်ရှိမှုများလျော့နည်းခြင်း၊ ငါး၊ ပုဇွန်များလျော့နည်းခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ဒီရေတောများသည် ပင်လယ်မှဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များအား ဟန့်တားရာ သဘာဝအစိမ်းရောင်တံတိုင်းအဖြစ်လည်းကောင်း၊ ငါး၊ ပုဇွန်များကျက်စားရာ ဂေဟစနစ်အဖြစ်လည်းကောင်း၊ ဒေသခံပြည်သူများအတွက် ဒီရေတောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးရာ အရင်းအမြစ်အဖြစ်လည်းကောင်း၊ အနာဂတ်သဘာဝအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံအဖြစ်လည်းကောင်း တည်ရှိနေသောကြောင့် ပေါက်ရောက်လျက်ရှိနေသည့် ဒီရေတောအများစုကို ပြန်လည်စိုက်ပျိုး ကာကွယ်ထိန်းသိမ်းရန် လိုအပ်လျက်ရှိပါသည်။

## မာတိကာ

**စဉ် အကြောင်းအရာ စာမျက်နှာ**

၁။ နိဒါန်း ........................................................ ၄
၂။ ရည်ရွယ်ချက်........................................................ ၄
၃။ အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ ........................................................ ၄
၄။ ဒီရေတောများပြုန်းတီးရခြင်းအကြောင်းအရင်းနှင့် ပြုန်းတီးမှုအခြေအနေ ........................ ၅
၅။ ဒီရေတောများတွင် ပေါက်ရောက်ရှင်သန်သော သစ်ပင်မျိုးစိတ်များနှင့် ဂေဟစနစ် ............ ၆
၆။ မြန်မာနိုင်ငံရှိ ဒီရေတောအမျိုးအစားများ........................................................ ၇
၇၊ ပြည်တွင်းဒီရေတော ပေါက်ရောက်မှုများ ........................................................ ၈
၈။ ဒီရေတော၏ ထူးခြားချက်များ........................................................ ၈
၉။ ဒီရေတောမှ ရရှိနိုင်သော အကျိုးကျေးဇူးများ ........................................................ ၉
၁၀။ ဒီရေတောကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေမှုများ ........................................................ ၁၀
၁၁။ ဧရာဝတီတိုင်းဒေသကြီးဒီရေတော ထိန်းသိမ်းခြင်း ........................................................ ၁၁
၁၂။ တနင်္သာရီတိုင်းဒေသကြီး ဒီရေတောထိန်းသိမ်းခြင်း ........................................................ ၁၂
၁၃။ ရခိုင်ပြည်နယ်ဒီရေတောထိန်းသိမ်းခြင်း ........................................................ ၁၂
၁၄။ Mangroves for the Future (MFF)........................................................ ၁၃
၁၅။ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း ပင်လယ်သဘာဝအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ......၁၃
၁၆။ ဒီရေတောနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များ ........................................................ ၁၄
၁၇။ လွှတ်တော်တွင်းဆွေးနွေးမှုများ ........................................................ ၁၄
၁၈။ ဒေသခံများ၏ အမြင်နှင့် ကြုံတွေ့နေရသည့်အခက်အခဲများ ........................................................ ၁၆
၁၉။ ထိုင်းနိုင်ငံဒီရေတောထိန်းသိမ်းခြင်း ........................................................ ၁၇
၂၀။ အင်ဒိုနီးရှားနိုင်ငံဒီရေတောထိန်းသိမ်းခြင်း ........................................................ ၁၈
၂၁။ နိဂုံး........................................................ ၂၀

## နိဒါန်း

၁။ ဒီရေတောဆိုသည်မှာ မြစ်ဝကျွန်းပေါ်ဒေသ ပင်လယ်ကမ်းရိုးတန်းများနှင့် နီးကပ်စွာတည်ရှိသည့် ပင်လယ်ရေငန်ရောက်ရှိရာ နေရာများရှိ သစ်တောများဖြစ်ပြီး ကမ္ဘာပေါ်တွင် အပူပိုင်းနှင့် သမပိုင်းဒေသများရှိ ပင်လယ်ဒီရေအတက်အကျရှိသည့် နေရာများတွင် တွေ့ရတတ်ပါသည်။ ကမ်းရိုးတန်းဒေသရှိ ဒီရေတောများသည် ကုန်းတွင်းပိုင်း သစ်တော၊ ကျွန်း၊ ပျဉ်းကတိုးကဲ့သို့ အပင်ကြီးများ မဟုတ်သော်လည်း သက်ရှိများအပေါ် အကျိုးပြုမှုမှာ လွန်စွာကြီးမားလှပါသည်။ ၁၉၉၀ ပြည့်နှစ် အစောပိုင်း၌ မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ စုစုပေါင်း ၃၈၆၀၀၀ ဟတ်တာရှိခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် တစ်ဝက်နီးပါးခန့် လျော့နည်းခဲ့ပါသည်။ ဒီရေတောများသည် အမြဲစိမ်းသစ်တောများဖြစ်ပြီး ပေါက်ရောက်သည့်အပင်ပေါ်မူတည်၍ ပျမ်းမျှအမြင့်ပေ ၁၀၀ မှ ၁၂၀ အထိ ကြီးထွားကြပါသည်။[1] မြန်မာနိုင်ငံ၏ ဒီရေတောများသည် ကမ္ဘာ့ဒီရေတော ဧရိယာစုစုပေါင်း၏ ၃.၃ ရာခိုင်နှုန်းရှိပြီး အာရှတွင်တတိယအများဆုံးနှင့် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဒီရေတောအများဆုံး ပေါက်ရောက်သည့် နိုင်ငံဖြစ်ပါသည်။[2]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတို၏ ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုပေးနေသည့် ဒီရေတောများကို ထိန်းသိမ်းရန်၊ မြန်မာနိုင်ငံဒီရေတောပြုန်းတီးမှု အခြေအနေကိုသိရှိရန်၊ နိုင်ငံတော်အစိုးရ၏ ဒီရေတောထိန်းသိမ်းဆောင်ရွက်နေမှု လုပ်ငန်းများကိုသိရှိရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

## အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုသော သတင်းအချက်အလက်များကို အစိုးရနှင့် နိုင်ငံတကာ website များမှ ထုတ်ပြန်ထားသော သတင်းစာများ၊ ဂျာနယ်များ၊ လွှတ်တော်အစည်းအဝေး

[1] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလထုတ် သစ်တောကြေးမုံ၊ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့၊ စာမျက်နှာ (၁၄) http://www.monrec.gov.mm/sites/default/files/test/Book_PDF/9-2018.pdf မှ ကောက်နုတ်ထားပါသည်။

[2] ရခိုင်ဒီရေတောများထိန်းသိမ်းရေး၊ http://www.monrec.gov.mm/sites/default/files/test/Book_PDF/7-17.pdf မှ ကောက်နုတ်ထားပါသည်။

မှတ်တမ်းများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီး ဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန Website များမှ သတင်းအချက်အလက်များကို ကောက်နုတ်ထားပါသည်။ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှား (၂) နိုင်ငံရှိ ဒီရေတောထိန်းသိမ်းပုံကို နမူနာကောင်းအဖြစ် နှိုင်းယှဉ်တင်ပြထားပါသည်။

## ဒီရေတောများပြုန်းတီးရခြင်းအကြောင်းအရင်းနှင့် ပြန်းတီးမှုအခြေအနေ

၄။ ယနေ့ခေတ်တွင် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရေခဲလွှာများ အရည်ပျော်ကာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း၊ ပင်လယ်ကမ်းပြိုခြင်း၊ ရေတိုက်စားခြင်း၊ ရေနံနှင့်ဓာတုပစ္စည်းများ တင်ဆောင်ထားသည့်သင်္ဘောများ ဖြတ်သန်းသွားလာသည့်အခါ ယိုဖိတ်၍ ဒီရေတောများသို့ စုစည်းဝင်ရောက်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓါတ်မြေသြဇာ အကြွင်းအကျန်များ မြစ်ချောင်းများသို့ စီးဝင်ခြင်း၊ တရားမဝင်ငါးဖမ်းခြင်း၊ ဒီရေတောများထိန်းသိမ်းမှု ဗဟုသုတ အားနည်းခြင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ မရှိခြင်းတို့ကြောင့် ဒီရေတောများ ပျက်စီးနေပါသည်။[3][4] ထို့အပြင် ဆည်မြောင်းများ တည်ဆောက်ခြင်းကြောင့် ဒီရေတောများသို့ ရေဝင်ရောက်မှု နည်းပါးပြီး ဒီရေတောများပျက်စီးမှု ဖြစ်ပေါ်စေပါသည်။

၅။ ဒီရေတောများ ပျက်စီးခြင်းကြောင့် ငါး၊ ပုစွန်များ လျော့နည်းခြင်း၊ မြေဆီလွှာများ ပျက်စီးခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို ကြုံတွေ့နိုင်ပါသည်။ ဒီရေတောများ ပြုန်းတီးပါက ကမ်းရိုးတန်းဒေသများတွင် ဆိုင်ကလုန်းကဲ့သို့သော မုန်တိုင်းများ ကျရောက်နိုင်ပါသည်။[5]

၆။ မြန်မာ့ဒီရေတောများ၏ ပြုန်းတီးမှုသည် အခြားသစ်တောများထက် သုံးဆခန့် ပိုမိုများပြားနေပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၁ ခုနှစ်ကြားတွင် တစ်နှစ်လျှင် ဒီရေတောဧက ၆၀၀၀ ခန့် ပြုန်းတီးခဲ့ပါသည်။[6]

---

[3] မဖျက်စီးသင့်သောဒီရေတော၊ သိပ္ပံစာရေးဆရာကိုကိုအောင် https://www.moi.gov.mm/npe/?q=article/30/08/2018/id-78847မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် (၂၁-၂-၂၀၂၀)

[4] ရရှိနိုင်သော အစားထိုးစရာများ၊ မြန်မာနိုင်ငံသဘာဝပတ်ဝန်းကျင်အလုပ်အဖွဲ့၊ ၂၀၀၉ ခုနှစ်၊ https://www.burmalibrary.org/KN/AccessibleAlternatives-full&color-burmese-2011-03-01(print)-op75-red.pdf မှ ကောက်နုတ်ထားပါသည်။

[5] Mangrove forests are one of the world's most threatened tropical ecosystems ၊ https://wwf.panda.org/our_work/oceans/coasts/mangroves/mangrove_threats/ မှကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် (၂၁-၂-၂၀၂၀)

[6] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလထုတ် သစ်တောကြေးမုံ၊ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့၊ စာမျက်နှာ (၁၄) http://www.monrec.gov.mm/sites/default/files/test/Book_PDF/9-2018.pdf မှ ကောက်နုတ်ထားပါသည်။

၇။ ၁၉၇၀ ပြည့်နှစ်နှင့် ၁၉၈၀ ပြည့်နှစ်အတွင်း ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် စပါး(၁) နှင့် စပါး(၂) စီမံကိန်းများအကောင်အထည်ဖော်နိုင်ရေးအတွက် ဒီရေတောများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထင်း၊ မီးသွေးများ ခုတ်ယူခြင်း စသည်တို့ကြောင့် ဒီရေတောများ ပျက်စီးခဲ့ရပါသည်။ ထို့ပြင် ဒီရေတောဧရိယာများတွင် လူနေအိမ်များနှင့် လယ်ယာမြေများ ပြောင်းလဲခြင်းကြောင့် ဒီရေတောများ ပြုန်းတီးခဲ့ရပါသည်။ [7]

၈။ ၂၀၀၈ ခုနှစ်၊ မေလတွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသည် အကြီးမားဆုံးသော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်သည် နာဂစ်မုန်တိုင်း၏ ဘေးအန္တရာယ်ကို ဆိုးရွားစွာခံစားခဲ့ရပြီး လူသေဆုံးမှု များပြားခဲ့ရခြင်းမှာ ဒီရေတောများ ပြုန်းတီးခြင်းကြောင့်ဖြစ်ပါသည်။[8] နာဂစ်မုန်တိုင်းတိုက်သည့်အချိန်တွင် ဒီရေတောများအကာအကွယ်ပြုထားသော ဒေသများတွင်နေထိုင်သော ကျေးရွာသူကျေးရွာသားများသာ အသက်ရှင်ကျန်ခဲ့ပါသည်။[9] မိန်းမလှကျွန်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း ဒီရေတောများ ထူထပ်စွာပေါက်ရောက်နေသည့်အတွက် ဒေသခံများ၏ အသက်ပေါင်းများစွာ ရှင်သန်ခွင့်ရရှိခဲ့ပါသည်။[10]

## ဒီရေတောများတွင် ပေါက်ရောက်ရှင်သန်သော သစ်ပင်မျိုးစိတ်များနှင့် ဂေဟစနစ်

၉။ မြန်မာ့ဒီရေတောဒေသများတွင် သစ်ပင်မျိုးစိတ် ၂၉ မျိုးပေါက်ရောက်လျက်ရှိပြီး ငါးမျိုးစိတ် ၆၅ မျိုး၊ ပုဇွန်မျိုးစိတ် ၁၃ မျိုး၊ ဂဏန်းမျိုးစိတ် ၄ မျိုး၊ ခရု၊ ဂုံး၊ ကမာမျိုးစိတ် ၉ မျိုးတို့ နေထိုင်ကျက်စားပါသည်။ တိရစ္ဆာန်မျိုးစိတ် ၃၀ ကျော်ခန့်နှင့် ရေချို၊ ရေငန်စပ် မိကျောင်းတစ်မျိုး တွေ့ရသောကြောင့် ဒီရေတောများသည် ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝသော ဂေဟစနစ်ဖြစ်ပါသည်။[11] ထို့ပြင် ဆေးဖက်ဝင်အပင်များလည်း ပေါက်ရောက်ရှင်သန်လျက်ရှိပါသည်။ ဒီရေတောများသည်

---

[7]သင်ခန်းစာပေးသွားသောနာဂစ်၊ မြန်မာတောင်သူကြီးများဂျာနယ်၊ အတွဲ(၁၀)၊ အမှတ် (၁၄၇)၊ ၂၀၁၅ ခုနှစ် https://www.thefarmermedia.com/news/3883 မှ ကောက်နုတ်ထားပါသည်။

[8]ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်း ဒီရေတောများစိုက်ပျိုးပြုစုထိန်းသိမ်းခြင်းနှင့် သဘာဝတောထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်၊ https://www.moi.gov.mm/npe:zg/?q=news/10/08/2013/id-4522 မှ ကောက်နုတ်ထားပါသည်။

[9]https://www.burmalibrary.org/sites/burmalibrary.org/files/obl/KN/AccessibleAlternatives-full%26color-burmese-2011-03-01%28print%29-op75-red.pdf မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် (၂၁-၂-၂၀၂၀)

[10] ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ (ပဋ္ဌမအကြိမ်) အစည်းအဝေးသို့ တက်ရောက်အမှာ စကား ပြောကြား၊ https://www.president-office.gov.mm/?q=briefing-room/news/2018/08/04/id-14291 မှကောက်နုတ်ထားပါသည်။

[11]၂၀၁၇ခုနှစ်၊ ဇူလိုင်လထုတ် သစ်တောကြေးမုံ၊ ဒီရေတောပြန်လည်ထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲခြင်းကို သဟဇာတနေထိုင်ရေး၊ ဦးစိန်သက် (ညွှန်ကြားရေးမှူး)၊ http://www.monrec.gov.mm/sites/default/files/test/Book_PDF/7-17.pdf မှ ကောက်နုတ်ထားပါသည်။

ရေချို၊ ရေငန်ငါးများနှင့် ဂဏန်း၊ ပုဇွန်များ မှီခိုကျက်စားရာ၊ ဥချရာ၊ သားပေါက်ရာ၊ မျိုးပွားရာ အသိုက်အမြုံတစ်ခုလည်းဖြစ်ပါသည်။[12] အစာစွမ်းအင်ထုတ်လုပ်သည့် အမြင့်ဆုံး ဂေဟာစနစ်များ အနက် ဒီရေတောဂေဟာစနစ်သည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

၁၀။ မြန်မာ့ဒီရေတောများတွင် မူရင်းသစ်မျိုးစိတ်များအပြင် ၎င်းတို့နှင့် ဆက်နွယ်ပေါက်ရောက်သော အပင်မျိုးစိတ်ပေါင်း (၁၀၀) ခန့်ရှိပါသည်။ အဓိက ပေါက်ရောက်လျက်ရှိသော သစ်မျိုးများမှာ ကနစို၊ သရော၊ ဗြူးမျိုးစုံ၊ လမု၊ သမဲ့၊ ကန့်ပလာ၊ မဒမ၊ ရေခရား၊ မြင်းကာ၊ ပင်လယ်အုန်း၊ ကျနနှင့် ဓနိ စသည်တို့ဖြစ်ပါသည်။[13]

## မြန်မာနိုင်ငံရှိ ဒီရေတောအမျိုးအစားများ

၁၁။ ကမ္ဘာ့ဒီရေတောပညာရှင်များ၏ သတ်မှတ်ချက်အရ မြန်မာနိုင်ငံရှိဒီရေတော အမျိုးအစားများကို အောက်ပါ အတိုင်းတွေ့ရပါသည်-

(က) ဒီရေအတက်အကျရှိပြီး မိုးရာသီတွင် ရေဖုံးလွှမ်းမှုရှိသည့် တောအမျိုးအစား (Riverine Forest)

(ခ) ပုံမှန်ရေအတက်အကျရှိသည့် ဆင်ခြေလျော ကမ်းရိုးတန်းများတွင် ပေါက်ရောက်သည့် တောအမျိုးအစား (Fringe Mangroves)

(ဂ) ဒီရေတက်သည့်အချိန်တွင် ပုံမှန်ရေရောက်သည့် ကျွန်းငယ်လေးများတွင် ပေါက်ရောက်သည့် အမျိုးအစား (Overwash Forests) တို့ဖြစ်ပါသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် Riverine Forest ကို တွေ့ရပြီး ရခိုင်နှင့် တနင်္သာရီဒေသတို့ Fringe Mangroves နှင့် ကမ်းလွန်ကျွန်းငယ်များတွင် Overwash Forests ကိုတွေ့ရလေ့ရှိပါသည်။[14]

---

[12] ရခိုင်ဒီရေတောများထိန်းသိမ်းရေး၊ https://www.dmgburmese.com/%E1%80%B1%E1%80%86%E1%80%AC%E1%80%84%E1%80%B9%E1%80% B8%E1%80%95%E1%80%AB%E1%80%B8/forest.html မှ ကောက်နုတ်ထားပါသည်။

[13] ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလထုတ် သစ်တောကြေးမုံ၊ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟာစနစ် ထိန်းသိမ်းရေးနေ့၊ စာမျက်နှာ (၁၅) http://www.monrec.gov.mm/sites/default/files/test/Book_PDF/9-2018.pdf မှ ကောက်နုတ်ထားပါသည်။

[14] ibid

## ပြည်တွင်းဒီရေတော ပေါက်ရောက်မှုများ

၁၂။ သစ်တောဦးစီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံတွင် ကမ်းရိုးတန်းဒေသ ၃ ခု ရှိသည့် အနက် ဒီရေတောဖုံးလွှမ်းမှုမှာ ၁၉၈၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ တနင်္သာရီတိုင်းဒေသကြီးတွင် ၉၈ ရာခိုင်နှုန်း၊ ဧရာဝတီကမ်းရိုးတန်း မြစ်ဝကျွန်းပေါ်ဒေသများတွင်၂၉ ရာခိုင်နှုန်း၊ ရခိုင်ကမ်းမြောင် ဒေသတွင် ၇၆ ရာခိုင်နှုန်းရှိပါသည်။ ၂၀၀၈ ခုနှစ်တွင် ကျရောက်ခဲ့သော နာဂစ် မုန်တိုင်းဒဏ် ကြောင့် ဧရာဝတီတိုင်းဒေသကြီး၌ ဒီရေတော ၈၀ ရာခိုင်နှုန်း ပျက်စီးခဲ့ပါသည်။[15] ဒီရေတောများ လျော့နည်းလာခြင်းကြောင့် ပင်လယ်ကမ်းရိုးတန်း ကာကွယ်မှုဆုံးရှုံးခြင်း၊ သီးနှံထွက်ရှိမှု လျော့ နည်းခြင်း၊ ငါး၊ ပုဇွန် လျော့နည်းခြင်းတို့ ဖြစ်ပေါ်လာပါသည်။ [16]

**၁၉၈၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ကျန်ရှိနေသာ ဒီရေတော ဖုံးလွှမ်းမှုအခြေအနေ**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ၁၉၈၀ပြည့်နှစ်(ဧက) | ၂၀၁၅ ခုနှစ် (ဧက) | ကျန်ရှိနေသည့် ဒီရေတော (%) |
|---|---|---|---|---|
| ၁။ | ရခိုင်ကမ်းရိုးတန်း | ၄၁၅၁၃၇ | ၃၁၃၇၉၂ | ၇၆ |
| ၂။ | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ | ၆၇၉၅၄၀ | ၁၄၉၉၂၅ | ၂၉ |
| ၃။ | တနင်္သာရီကမ်းရိုးတန်းဒေသ | ၆၄၇၄၁၆ | ၆၃၅၂၆၆ | ၉၈[17] |

## ဒီရေတော၏ ထူးခြားချက်များ

၁၃။ ဒီရေတော၏ ထူးခြားချက်မှာ လေရှူမြစ်များရှိခြင်းနှင့် အသီးတောင့်များသည် အပင်မှ မကြွေကျဘဲ အညှောင့်ပေါက်လေ့ရှိပါသည်။ ထို့ပြင် အရွက်များကသာမက လေရှူမြစ်များကပါ အစာချက်လုပ်နိုင်ပြီး လေရှူမြစ်များသည် အောက်ဆီဂျင်ကိုလည်း သိုလှောင်နိုင်ပါသည်။

[15] မြန်မာတောင်သူကြီးများဂျာနယ်၊ ၈-၃-၂၀၁၇၊ ထိန်းသိမ်းရမည့် အဖိုးတန်ဒီရေတောများ၊ https://www.thefarmermedia.com/news/8018 မှ ကောက်နုတ်ထားပါသည်။

[16] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒီရေတောများကာကွယ်ထိန်းသိမ်းခြင်း၊ http://www.monrec.gov.mm/?q=agenda/52 မှ ကောက်နုတ်ထားပါသည်။

[17] ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်၊ (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ (၁၄) ရက်မြောက်နေ့၊ ၁၂-၁၂-၂၀၁၉ ရက်နေ့အစည်းအဝေးမှတ်တမ်း ၊ https://pyithuhluttaw.gov.mm/duttiyakim-pnnysuulttttteaa-14-kimmeaak-punmnacnnyawe-14rkmeaakne-12122019 မှ ကောက်နုတ်ထားပါသည်။

ထို့ကြောင့် လေရှူမြစ်များသည် ဒီရေတက်ချိန် ရေမြုပ်နေစဉ်တွင် အပင်အတွက် လိုအပ်သည့် အောက်ဆီဂျင်ဓါတ်ငွေ့ဖလှယ်သည့် လုပ်ငန်းစဉ်ဖြင့် ပြန်လည်ထုတ်လွှတ်ပေးလေ့ရှိပါသည်။[18]




**ဒီရေတောမှ ရရှိနိုင်သော အကျိုးကျေးဇူးများ**

၁၄။ ဒီရေတောများ ပေါက်ရောက်ခြင်းကြောင့် ပင်လယ်ပြင်တွင် ဖြစ်ပေါ်လေ့ရှိသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ခြင်း၊ လေမုန်တိုင်းနှင့် ဒီရေလှိုင်းများ၏ အရှိန်ကို လျော့ချပေးခြင်း၊ ဆားငန်ရေများ ကုန်းတွင်းသို့ မဝင်နိုင်အောင် ထိန်းပေးနိုင်ခြင်း၊ ကမ္ဘာ့အပူချိန်ကို လျှော့ချပေးနိုင်သည့်အတွက် သဘာဝဘေးအန္တရာယ် လျော့ပါးခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပါသည်။[19] ကမ္ဘာ့အပူပိုင်းဒေသတွင် ပေါက်ရောက်နေသော ဒီရေတောများသည် အခြားဒေသရှိ သစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို နှစ်ဆမှ လေးဆအထိ ပိုမိုစုပ်ယူသိုလှောင်နိုင်သောကြောင့် ကမ္ဘာကြီးပူနွေးမှုကို လျော့ကျရန် စွမ်းဆောင်နိုင်ပါသည်။ ထို့အပြင် သက်ရှိသတ္တဝါများအား အန္တရာယ်ဖြစ်စေတတ်သော အာဆင်းနစ်စသည့် အဆိပ်အတောက်များကိုလည်း စုပ်ယူနိုင်စွမ်းရှိပါသည်။

---

[18] ၂၀၁၈ခုနှစ်၊ စက်တင်ဘာထုတ် သစ်တောကြေးမုံ၊ စာမျက်နှာ(၁၄)၊ အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်နေ့ထိန်းသိမ်းရေး၊ ttp://www.monrec.gov.mm/sites/default/files/test/Book_PDF/9-2018.pdf မှ ကောက်နုတ်ထားပါသည်။

[19] ဒီရေတောများ၏ အကျိုးကျေးဇူးများနှင့် ဒီရေတောလျော့ပါးခြင်းကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများ၊ https://www.myawady.net.mm/index.php/interview/item/6533-2017-10-13-09-28-54 မှ ကောက်နုတ်ထားပါသည်။

၁၅။ ဒီရေတောများတွင် ပေါက်ရောက်သည့် သစ်ပင်များ၏ အမြစ်ဖွဲ့စည်းပုံနှင့် အုပ်စုဖွဲ့ ပေါက်ရောက်မှုတို့သည် မြေတိုက်စားမှုကို တားဆီးကာကွယ်ပေးနိုင်ပါသည်။ ရေတက်ချိန်နှင့် ရေပြန်ကျချိန်များ၌ ပင်လယ်ကမ်းနဖူး ဒီရေတိုက်စားမှုမှလည်း ကာကွယ်ပေးနိုင်သကဲ့သို့ လေပြင်းမုန်တိုင်းများ တိုက်ခတ်သည့်ဒဏ်မှလည်း ကာကွယ်ပေးနိုင်ပါသည်။[20] ပင်လယ် သမုဒ္ဒရာမှ အပျက်အစီး၊ အမှိုက်သရိုက်စသည်တို့ကို လူအများ နေထိုင်သည့်နေရာသို့မရောက်ရှိအောင် စစ်ထုတ်ပေးထားနိုင်ပါသည်။ ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ပျက်စီးမှုဒဏ်ကိုလည်း ဒီရေတောများက ကာကွယ်ပေးနိုင်ပါသည်။

၁၆။ ဒီရေတောရှိ သစ်ပင်များသည် ဆွေးမြည့်မှုကို ခံနိုင်ရည်ရှိခြင်းကြောင့် ဒေသခံများ၏ ဆောက်လုပ်ရေးအတွက်သာမက လောင်စာအတွက်လည်း ဒီရေတောများကို မှီတည်နေရ ပါသည်။ ဒီရေတောရှိ အရွက်များကို တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးကြသည့်အပြင် ဆေးဖက်ဝင် အပင်များအဖြစ်လည်း အသုံးပြုကြပါသည်။ ဒီရေတောများကို ထိန်းသိမ်းလာသည်နှင့်အမျှအစဉ် ဖြစ်ပေါ်နေသည့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် လိုက်လျောညီထွေစွာ ရပ်တည်နိုင်မည့် အကျိုးကျေးဇူးများကို ဒေသခံများ ခံစားရမည်ဖြစ်ပါသည်။[21] ဒီရေတောတစ်ဟက်တာသည် တစ်နှစ်လျှင် ကာဗွန် (၁၇) မက်ထရစ်တန်ကို စုပ်ယူထိန်းသိမ်းထားနိုင်သည်ဖြစ်၍ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက်များစွာအသုံးဝင်သော သစ်တောအမျိုးအစားဖြစ်ပါသည်။[22]

### ဒီရေတောကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေမှုများ

၁၇။ သစ်တောဦးစီးဌာနသည် ကျန်ရှိနေသည့် ဒီရေတောများကို ဓမ္မတာမျိုးဆက်ခြင်း ကောင်းမွန်စေရန် လုပ်ဆောင်ပေးခြင်း၊ သစ်တော လျော့နည်းသွားသည့် နေရာများနှင့် စွန့်ပစ်ထားသည့် စပါးခင်းများတွင် စိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း၊ အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ

[20] ပြန်ကြားရေးဝန်ကြီးဌာန၊ မပျက်စီးသင့်သောဒီရေတော၊ https://www.moi.gov.mm/npe/?q=article/30/08/2018/id-78847 မှကောက်နုတ်ထားပါသည်။
[21] WWF၊ https://wwf.panda.org/our_work/oceans/coasts/mangroves/mangrove_importance/ မှ ကောက်နုတ်ထားပါသည်။
[22]ပြန်ကြားရေးဝန်ကြီးဌာန၊ ဒီရေတောဂေဟာစနစ်၊ https://www.moi.gov.mm/npe/?q=editor-remark/15/09/2018/id-79250မှ ကောက်နုတ်ထားပါသည်။

နှင့် ပူးပေါင်း၍ ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း စီမံကိန်းများကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။[23]

၁၈။ ၂၀၁၇–၂၀၁၈ ခုနှစ် လုပ်ငန်းစီမံချက်ဖြစ်သည့် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ဆောက်ရေးစီမံကိန်းအရ ဒီရေတောစိုက်ခင်းဧက ၃၀၈၀ ကို သစ်တောခရိုင် ၆၈ ခရိုင်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါသည်။ ဒီရေတောများကို ပျက်စီးဆုံးရှုံးမှုဖြစ်စေသော ငါး၊ ပုဇွန်မွေးမြူရေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် GIZ တို့ ပူးပေါင်း၍ မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုချမှတ်၍ ဒီရေတောအခြေပြုပုဇွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်ရန် ၂၀၁၇ ခုနှစ် မှ ၂၀၂၁ ခုနှစ် အထိ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိပါသည်။ ဒီရေတောစိုက်ပျိုးမှုများနှင့် ထိန်းသိမ်းမှုများကို ဂျပန်နိုင်ငံ JICA အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်သကဲ့သို့[24] ရခိုင်ပြည်နယ်ရှိ ဒီရေတောများကို ဒိန်းမတ်နိုင်ငံ၏ အကူအညီဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စီမံကိန်း ကာလမှာ ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၅) နှစ် ဖြစ်ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်မှာ ကမ်းရိုးတန်းဒေသများတွင် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာ ရပ်တည်နေထိုင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါသည်။[25]

## ဧရာဝတီတိုင်းဒေသကြီးဒီရေတော ထိန်းသိမ်းခြင်း

၁၉။ စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဒီရေတောများ စီမံအုပ်ချုပ် လုပ်ကိုင်မှုအတွက် ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်းစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ပျဉ်ဒရယ်ကြိုးဝိုင်းတွင် သစ်တောဦးစီးဌာနနှင့် ဩစတေးလျနိုင်ငံတို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ စီမံကိန်းကာလမှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီမှ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာအထိ (၃) နှစ် စီမံကိန်းဖြစ်ပါသည်။ စီမံကိန်းတွင် ဆောင်ရွက်မည့်အချက်များမှာ–

[23] သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒီရေတောများကာကွယ်ထိန်းသိမ်းခြင်း၊ http://www.monrec.gov.mm/?q=agenda/52

[24] https://wwww.moi.gov.mm/?q=news/13/11/2018/id-6359 မှကောက်နုတ်ထားပါသည်။

[25] ရခိုင်ပြည်နယ်ဒီရေတောများ၊ https://tinyurl.com/uog5838 မှကောက်နုတ်ထားပါသည်။

(က) ရွေးချယ်ထားသော စီမံကိန်းနေရာများတွင် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆက်စပ်သည့် ဒီရေတောများ စီမံအုပ်ချုပ်လုပ်ကိုင်မှုအတွက် ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အသေးစားစီမံချက်များ ရေးဆွဲဖော်ထုတ်ခြင်း၊

(ခ) စီမံကိန်းဧရိယာများ၌ စံပြအကွက်ငယ်များ ပါဝင်သည့် ဒေသခံများ ပူးပေါင်းပါဝင်သော ဒီရေတောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ သရုပ်ပြကွက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ခြင်း၊

(ဂ) စွမ်းဆောင်ရည် မြှင့်တင်ခြင်းနှင့် ကျွမ်းကျင်ပညာရှင်များ နှီးနှောဖလှယ်ခြင်း၊

(ဃ) ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသခံပြည်သူများ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ခြင်း တို့ဖြစ်ပါသည်။[26]

**တနင်္သာရီတိုင်းဒေသကြီး ဒီရေတောထိန်းသိမ်းခြင်း**

၂၀။ တနင်္သာရီတိုင်းဒေသကြီးတွင် အစုအဖွဲ့ပိုင် ဒီရေတောပေါင်း အဖွဲ့ ၆၉ ခုရှိပြီး ကေသုံးသောင်းကျော်ရှိကာ နိုင်ငံတော်၏ ၁၀ နှစ် စီမံကိန်းလျာထားချက်အတိုင်း သစ်တောပြုန်းတီးမှု ကို ၃၀ ရာခိုင်နှုန်း လျှော့ချရန် လျာထားမှုကို ပြည့်မီရန် လိုက်နာဆောင်ရွက်ရန်ရှိကြောင်း သစ်တောဦးစီးဌာနမှ ဖော်ပြထားပါသည်။

**ရခိုင်ပြည်နယ်ဒီရေတောထိန်းသိမ်းခြင်း**

၂၁။ ရခိုင်ပြည်နယ်ရှိ ဒီရေတောများကို ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများပူးပေါင်းပြီး ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ ဒီရေတောအစုအဖွဲ့တစ်ခုဖြစ်သည့် Mangrove Network အဖွဲ့နှင့်ချိတ်ဆက်ခဲ့ပြီး ၎င်းအဖွဲ့တွင် မြန်မာနိုင်ငံရှိ ထိပ်တန်းပညာရှင်များ ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်မှုကြောင့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်အတွင်း ဒီရေတောနှင့် ဆက်စပ်သည့်ကျေးရွာပေါင်း ၆၂ ရွာတွင် အစုအဖွဲ့ပိုင် ကျေးရွာဒီရေတောစိုက်ခင်းများ ထူထောင်ပေးနိုင်ခဲ့ကာ ဒီရေတောကေ ၇၀၀၀၊ ၈၀၀၀ ခန့် ပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါသည်။[27]

[26] စိုက်ပျိုးရေး၊ ရေလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ဒီရေတောများ စီမံအုပ်ချုပ်လုပ်ကိုင်မှုအတွက် ဘက်စုံပူးပေါင်းဆောင်ရွက်ခြင်းစီမံကိန်း https://tinyurl.com/yx7s4vad မှ ကောက်နုတ်ထားပါသည်။

[27] ရခိုင်ဒီရေတောများထိန်းသိမ်းရေး၊ https://tinyurl.com/uog5838 မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် (၁၄-၂-၂၀၂၀)

## Mangroves for the Future (MFF)

၂၂။ Mangroves for the future (MFF) အစီအစဉ်ကို ၂၀၀၄ ခုနှစ်တွင် စတည်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင် (၁၁) နိုင်ငံပါဝင်၍ မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် MFF ၏ အစီအစဉ်ဖြင့် ကမ်းရိုးတန်းဒေသဘက်စုံ စီမံအုပ်ချုပ်လုပ်ကိုင်မှုနည်းလမ်း (Integrated Coastal Management) ကိုအားကောင်းအောင်ဆောင်ရွက်နေပြီး သစ်တောဦးစီးဌာနနှင့် တက္ကသိုလ်များတွင် ICM ကို ဘာသာရပ်တစ်ခုအနေဖြင့်သင်ကြားပေးနေပါသည်။[28]

## နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း ပင်လယ်သဘာဝအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ

၂၃။ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း ပင်လယ်သဘာဝအုပ်ချုပ် လုပ်ကိုင်မှုကော်မတီကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၁၆) ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ( ၅၆/၂၀၁၈ ) ဖြင့်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။[29] ဒုတိယသမ္မတ ဦးမြင့်ဆွေအပါအဝင် (၂၀) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး၊ လုပ်ငန်းတာဝန် (၁၀) ချက်ရှိပါသည်။ ကော်မတီ၏ ရည်ရွယ်ချက်မှာ တာဝန်နှင့်ဝတ္တရားများတွင်လည်း ကမ်းရိုး တန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ် လုပ်ကိုင်မှုဆိုင်ရာ မဟာဗျူဟာ၊ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ရန်ဆိုသည့် အချက်ပါဝင်ပါသည်။ ၎င်းအဖွဲ့၏ တာဝန်ဝတ္တရားများကို ပီပြင်အောင် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်၊ ရန်ပုံငွေ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ နည်းပညာနှင့် ရန်ပုံငွေ အကူအညီတို့ဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။[30]

---

[28] အဋ္ဌမအကြိမ်မြောက် ဒီရေတောဆိုင်ရာ နိုင်ငံအဆင့်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့၊(NCB) အစည်းအဝေးကျင်းပ၊ သစ်တောကြေးမုံ၊ စာမျက်နှာ (၉)၊ http://www.monrec.gov.mm/sites/default/files/test/Book_PDF/04-17.pdf မှ ကောက်နုတ်ထားပါသည်။

[29] မြန်မာဥပဒေသတင်းအချက်အလက်စနစ်၊ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၁၈)၊https://www.mlis.gov.mm/mLsView.do;jsessionid=E20EE845FD6AEF8A300778239EE56688?LawordSn=12120 မှ ကောက်နုတ်ထားပါသည်။

[30] နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကျင်းပ၊ https://www.moi.gov.mm/?q=news/3/03/2017/id-13760 မှကောက်နုတ်ထားပါသည်။

## ဒီရေတောနှင့် ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်များ

၂၄။ ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော သစ်တော ဥပဒေ၏ ပုဒ်မ (၅)၌ ဒီရေတော ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားပါသည်–

"ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ကြိုးဝိုင်းတော ပြင်ပရှိ အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နယ်နမိတ်ဖော်ပြ၍ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာနိုင်သည်–

(က) ရေ၊ မြေ ထိန်းသိမ်းကာကွယ်ခြင်း၊

( ခ ) အပူပိုင်းဒေသတော ထိန်းသိမ်းကာကွယ်ခြင်း၊

( ဂ ) ဒီရေတော ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝဝန်းကျင်နှင့် ဇီဝမျိုးများ ထိန်းသိမ်းကာကွယ်ခြင်း၊

( င ) သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ထိန်းသိမ်းကာကွယ်ခြင်း"ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၇ (ဃ) တွင်

"ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဒေသခံများမှ ၎င်းတို့၏ ဓလေ့ထုံးတမ်းအရ ထိန်းသိမ်းထားသည့် သဘာဝတောများနှင့် ဒီရေတောများကို အသိအမှတ်ပြုနိုင်" ဟု ပါရှိပါသည်။[31]

## လွှတ်တော်တွင်းဆွေးနွေးမှုများ

၂၅။ သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ဒီရေတောများကို ချမှတ်ဆောင်ရွက်ပေးရန် ပြည်ထောင်စု

[31] သစ်တောဥပဒေ (၂၀၁၈ ခုနှစ်)၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉၊ https://www.president-office.gov.mm/?q=hluttaw/law/2018/12/07/id-14771 မှ ကောက်နုတ်ထားပါသည်။

အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးနိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) က ၂၇-၁၁-၂၀၁၉ ရက်နေ့တွင် တင်သွင်းခဲ့ပြီး ကိုယ်စားလှယ် ၁၂ ဦးဖြင့် ဆွေးနွေးခဲ့ပါသည်။

၂၆။ **လွှတ်တော်ကိုယ်စားလှယ်များ၏ဆွေးနွေးချက်များ။** ယခုအခါ ကျောက်တန်းနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင် နုန်းအနယ်ပို့ချမှုများကြောင့် ကမ်းတက်မြေများ ပိုမိုကျယ်ပြန့်လာရာ ၎င်းမြေများကို သဘာဝဒီရေတော ကြိုးဝိုင်းတော သတ်မှတ်ပေး၍ အပင်များ ပြုစုစိုက်ပျိုးရန်၊ ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဇရိယာများ သတ်မှတ်ပေး၍လည်းကောင်း၊ ဒီရေတောများထိန်းသိမ်းရန် စွမ်းအားမြင့်မီးဖိုများထောက်ပံ့ပေးခြင်း၊ ဆိုလာစွမ်းအင်များ ထောက်ပံ့ပေးခြင်းဖြင့်လည်းကောင်း၊ ဂဏန်းအသားတိုး မွေးမြူရေးလုပ်ငန်းများနှင့် ရေလုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာပံ့ပိုးခြင်းဖြင့်လည်းကောင်း၊ ဒီရေတောများ ထိန်းသိမ်းရေးအတွက် ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးခြင်း၊ ငါး၊ ပုဇွန်ကန်များအပါအဝင် Industry များ ခွင့်ပြုရန်နှင့် ထင်း၊ မျောများမခုတ်ရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် Law enforcement များ တပြိုင်တည်း လုပ်ဆောင်၍ မူဝါဒများ ချမှတ်ကာ ဒီရေတောများ ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ မြေအသုံးချမှုတွင် ၈၇.၆ ရာခိုင်နှုန်းခန့်သည် စပါးစိုက်လယ်များအဖြစ် ပြောင်းလဲသွားပြီး အခြားနိုင်ငံများတွင် ရေငန် မွေးမြူရေးနှင့် ဆီအုန်းစိုက်ပျိုးရေးများသို့ ပြောင်းလဲသောကြောင့် သဘာဝထိန်းသိမ်းရေးနယ်မြေ များကို တိုးချဲ့သတ်မှတ်ခြင်းဖြင့်လည်းကောင်း၊ ဒီရေတောအတွင်း ကျူးကျော်ဝင်ရောက်မှုများကို လည်း ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ထိန်းသိမ်းဆောင်ရွက်ရန်၊ ဒီရေတောအတွင်း သတ္တုတူးဖော်ခြင်း ကို ဥပဒေဖြင့် တားဆီးစောင့်ကြည့်မှုများဖြင့်လည်းကောင်း စသည့်ကိစ္စရပ်များ ဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခဲ့ပါသည်။

၂၇။ ထို့ပြင် လက်ရှိအစိုးရသစ်အနေဖြင့် ဒီရေတော စိုက်ပျိုးခြင်းလုပ်ငန်းကို လက်တွေ့ အကောင် အထည်ဖော် ဆောင်ရွက်နေပြီး ၁၀ နှစ်တာအတွင်း ဒီရေတောစိုက်ခင်းဧက ၃ သောင်းနီးပါးကို စိုက်ပျိုးရန် ဆောင်ရွက်နေကြောင်း၊ သစ်တောပြုန်းတီးမှု အများဆုံးဖြစ်သော ဧရာဝတီတိုင်းတွင် ၂၈၀၀၀ ဧက၊ ရခိုင်ပြည်နယ်တွင် ၁၂၃၀ ဧက၊ တနင်္သာရီ ကမ်းရိုးတန်းဒေသတွင် ၄၆၀ ဧက

စီမံကိန်းချ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒီရေတော တိုးတက်အောင်မြင်ရန် သစ်တောဦးစီးဌာန အောက်တွင်ရှိသော ဒီရေတောဌာနကို တိုးချဲ့ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ စွမ်းဆောင်ရည် မြင့်မား သော သင်တန်းများဖွင့်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီးအဆိုကို အတည်ပြုခဲ့ပါသည်။[32]

၂၈။ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် နဝမပုံမှန် အစည်းအဝေး တတိယနေ့တွင် ကွမ်းခြံကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းမင်းက “ဒီရေတော (ကြိုးပြင်ကာကွယ်တော)များ အမြန်ဆုံး ဖော်ဆောင်တည်ထောင်ပေးပြီး လက်ရှိလုပ်ဆောင်နေသည့် ရေလုပ်ငန်းများအား တရားဝင် လုပ်ကိုင်နိုင်စေရေး စိစစ်ဖော်ဆောင် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ” မေးခွန်းများ မေးမြန်းခဲ့ရာ ဝန်ကြီးဦးဟံထွန်းမှ ပြန်လည်ဖြေကြားမှုမှာ “လက်ရှိတွင် ဒီရေတောများကို ကာကွယ်ရန် ဒေသန္တရအမိန့် ထုတ်ပြန်ထားသည့်အတွက် ဒီရေတောများအတွင်း ရေလုပ်ငန်းလုပ်ကိုင်ခွင့်မရှိ ကြောင်း၊ သဘာဝဒီရေတောများကို ဖျက်ဆီး၍ ပုစွန်ကန်တူးဖော်ခြင်း လုပ်ငန်းများကို လက်ရှိတွင် သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသေးသည့်အတွက် ကြိုးပြင်ကာကွယ်တော သတ်မှတ်၍ သစ်တောဥပဒေဖြင့် ကာကွယ်နိုင်သည့်အချိန်အထိ ဒေသန္တရအမိန့်ဖြင့် ဆက်လက် ကာကွယ်ထားရန် လိုအပ်ကြောင်း” ဖြေကြားခဲ့ပါသည်။ [33]

**ဒေသခံများ၏ အမြင်နှင့် ကြုံတွေ့နေရသည့်အခက်အခဲများ**

၂၉။ “ရခိုင်ဒေသဒီရေတောများတွင် စီးပွားဖြစ် ထင်းခုတ်၊ မီးသွေးဖုတ်သူများရှိသကဲ့သို့ ရောဝတီတိုင်း၊ လပွတ္တာဘက်မှ စီးပွားဖြစ်ဒီရေတောများကို လာရောက်ခုတ်ယူလျက် ရှိပါသည်။ ယခုလက်ရှိလည်း လာရောက်ခုတ်ယူနေသောကြောင့် ဥပဒေပြဋ္ဌာန်းပြီး အရေးယူ ဆောင်ရွက်စေလိုကြောင်း၊ ဌာနဆိုင်ရာများမှလည်း ဒီရေတောထိန်းသိမ်းရန်

[32] ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်၊ (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး၊ (၁၄) ရက်မြောက်နေ့၊ ၁၂-၁၂-၂၀၁၉ ရက်နေ့အစည်းအဝေးမှတ်တမ်း၊ https://pyithuhluttaw.gov.mm/duttiyakim-pnnysuultttteaa-14-kimmeaak-punmnacnnyawe-14rkmeaakne-12122019 မှ ကောက်နုတ်ထားပါသည်။

[33] ဒီရေတောကို ဒေသအစုအဖွဲ့ပိုင်သစ်တောအဖြစ်ပြောင်းလဲပြီး ရေလုပ်ငန်းပါလုပ်ကိုင်ခွင့်ပြုမည်၊ ၂၀၁၉ ခုနှစ်၊ ဇွန်လထုတ် မြန်မာတောင်သူကြီးများဂျာနယ်၊ အတွဲ(၂၄)၊ အမှတ် (၃၅၈)၊ https://www.thefarmermedia.com/news/13263 မှကောက်နုတ်ထားပါသည်။

ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်းမရှိကြောင်း” ရခိုင်ပြည်နယ်ဒီရေတော ကာကွယ်သူ တစ်ဦးက ပြောကြားထားပါသည်။[34]

“ရောဝတီတိုင်းဘက်မှ ဒီရေတောများလာခုတ်ကြကြောင်း၊ ၎င်းတို့ခုတ်နေသည်ကို သိသွား လျှင် ၎င်းတို့မလုပ်တော့ပါဘူးဟု ပြောသော်လည်း ဆက်လက်ခုတ်ယူနေကြောင်း၊ တစ်ခါ တလေ ခိုးခုတ်နေသည်ကိုမိလျှင် လှေရော၊ လူရောလက်ရဖမ်းပြီး သစ်တောဌာနကို အပ် လိုက်ကြောင်း၊ သို့သော်မိမိတို့ ပြန်လာသည်နှင့် ခုတ်သည့်သူများကို ခုတ်သည့် ရဲတင်းများ ကအစ အကုန်ပြန်ပေးပြီး လွှတ်ပေးလိုက်ကြောင်း၊ မိမိတို့က ဖမ်းပြီး သက်ဆိုင်ရာက ပြန်လွှတ်နေလျှင် မိမိတို့ထူထောင်ထားသည့်အပင်များ ပြုန်းတီးမည်ဖြစ်ကြောင်း၊ တစ်ယောက်လောက်ကို ဥပမာအနေနဲ့ ထိထိရောက်ရောက် အရေးယူပေးစေလိုကြောင်း၊ ဒီရေတောခုတ်လို့ ထောင်ကျတယ်ဆိုသည့်အသံထွက်လာမှ ထပ်မလုပ်ရဲမည်ဖြစ်ကြောင်း” ကံငူကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားခဲ့ပါသည်။ [35]

## ထိုင်းနိုင်ငံဒီရေတောထိန်းသိမ်းခြင်း

၃၀။ ထိုင်းနိုင်ငံရှိ ဒီရေတောများသည် ၁၉၆၁ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ကျူးကျော်မှုများ ကြောင့် လျော့နည်းခဲ့ရပါသည်။ ယခင်က ဒေသခံပြည်သူများသည် ကမ်းရိုးတန်းဒေသများတွင် ကျူးကျော်နေထိုင်ကာ ၎င်းတို့၏ စားဝတ်နေရေးအတွက် သစ်တောထွက်ပစ္စည်းများကို အသုံးပြု ခဲ့ကြသောကြောင့် နှစ်ပေါင်းများစွာကြာလာသည့်အခါတွင် ဒီရေတောများ ယိုယွင်းပျက်စီးလာပါ သည်။ ထိုင်းအစိုးရသည် ၂၀၁၅ ခုနှစ်တွင် ဒီရေတောနှင့် ကမ်းရိုးတန်းဂေဟာစနစ် စီမံခန့်ခွဲမှု ဥပဒေပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေ၏ အခန်း (၃) ပုဒ်မ ၁၈ တွင် ဒီရေတောများကို သဘာဝ အတိုင်း ထိန်းသိမ်းရန်နှင့် သန့်ရှင်းသောသဘာဝပတ်ဝန်းကျင် ဂေဟာစနစ်ရရှိရန် ဒီရေတောများ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီ၏ ခွင့်ပြုချက်ပေါ်မူတည်၍ ဝန်ကြီးဌာနသည် စည်းမျဉ်းစည်းကမ်းများနှင့်အညီ

[34] "ဒီရေတောတွေက ကျွန်တော်တို့ကို ထမင်းကျွေးနေတာ"၊ ထက်ခေါင်လင်း၊ ၂၈-၃-၂၀၁၇၊ https://myanmar-now.org/mm/news/1625 မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက် (၂-၁-၂၀၂၀)

[35] ibid

ဒီရေတောများ ထိန်းသိမ်းရေးဧရိယာအဖြစ် သတ်မှတ်ခွင့်ပြုနိုင်ရန် လုပ်ပိုင်ခွင့်အာဏာ ပေးအပ်နိုင်သည့် ပြဋ္ဌာန်းချက်များပါရှိပါသည်။[36]

၃၁။ ထိုင်းနိုင်ငံအစိုးရသည် ဒီရေတောထိန်းသိမ်းခြင်းကို အထောက်အပံ့ပေးသည့်အပြင် ဒီရေတောနှင့် ကမ်းရိုးတန်း ဂေဟစနစ်စီမံခန့်ခွဲမှုမူဝါဒကို ချမှတ်ထားပါသည်။ ထိုင်းနိုင်ငံ၊ အဏ္ဏဝါနှင့် ကမ်းရိုးတန်းအရင်းအမြစ်များဌာနသည် ဒေသခံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဒီရေတောထိန်းသိမ်းခြင်းကို အဓိကအခန်းကဏ္ဍအဖြစ် ဆောင်ရွက်နေပါသည်။[37] Department of Marine and Coastal Resources (DMCR) သည် ဒီရေတောပြန်လည်ထူထောင်ခြင်းနှင့် သက်ဆိုင်သည့် နည်းပညာသတင်း အချက်အလက်များကို ထောက်ပံ့ရန်နှင့် ဒေသခံလူထုများကို ထိန်းသိမ်းစောင့်ရှောက်ရန် သင်ကြားရေးဗဟိုဌာနများ တည်ထောင်ခဲ့ပါသည်။ ရပ်ရွာအခြေပြုအရင်းအမြစ် စီမံခန့်ခွဲမှုကို လွန်ခဲ့သည့် ၁၅ နှစ်မှ စတင်ခဲ့ပြီး ရပ်ရွာအဖွဲ့အစည်းများသည် ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် အသုံးချခြင်း လုပ်ငန်းများကို လုပ်ကိုင်လာခဲ့ကြပါသည်။ ရေကြောင်းနှင့် ကမ်းရိုးတန်းအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပူးပေါင်းပါဝင် ဆောင်ရွက်သူများကို အစိုးရမှ ဥပဒေပိုင်းတွင် အထောက်အပံ့များပေးလျက်ရှိပါသည်။[38]

## အင်ဒိုနီးရှားနိုင်ငံဒီရေတောထိန်းသိမ်းခြင်း

၃၂။ အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံတော်အစိုးရမှဦးစီး၍ ဒီရေတောနှင့် စပ်လျဉ်းသည့် သမ္မတအမိန့်များ ချမှတ်ထားပါသည်။ ဒီရေတောနှင့် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှာ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဝန်ကြီးဌာန၊ ကမ်းရိုးတမ်းနှင့် ငါးလုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာန တို့ဖြစ်ပါသည်။ ဒီရေတောနှင့် စပ်လျဉ်း၍ စည်းမျဉ်းနှင့် အမိန့် (၃) ခုရှိပါသည်။ ၎င်းတို့မှာ Presidential

[36] Marine and Coastal Resources Management Promotion Act, B.E.2558(2015)၊ http://seaknowledgebank.net/sites/default/files/th-marine-and-coastal-resources-management-promotion-act_0.pdf မှ ကောက်နုတ်ထားပါသည်။
[37] https://www.iucn.org/content/thailand%E2%80%99s-new-marine-and-coastal-resources-management-act-engaging-coastal-communities
[38] Department of Marine and Coastal Resources, Thailand https://www.iyor2018.org/organization/department-marine-coastal-resources-thailand/ မှ ကောက်နုတ်ထားပါသည်။

Decree No.32 (1990) ဖြစ်ပြီး၊ ၎င်းသမ္မတအမိန့်၏ ရည်ရွယ်ချက်မှာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို ထိန်းသိမ်းရန်နှင့် ရာသီဥတု၊ အပင်နှင့် တိရစ္ဆာန်များကို ထိန်းသိမ်းရန်တို့ ဖြစ်ပါသည်။

၃၃။ သမ္မတ၏ဒုတိယအမိန့်မှာ The Presidential Decree of 2012 of Coastal Rehabilitation ဖြစ်ပြီး ကမ်းရိုးတန်းနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်ပါသည်။ ဂေဟစနစ်ပျက်စီးရသည့် ဝိသေသလက္ခဏာများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ၊ ဒီရေတောများစောင့်ကြည့်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာရေးဆောင်ရွက်ချက်များ ပါဝင်ပါသည်။

၃၄။ သမ္မတ၏ တတိယအမိန့်မှာ The Presidential Decree 73 of 2012 on Mangrove Ecosystem Management Strategy ဖြစ်ပါသည်။ ဒီရေတောဂေဟစနစ် စီမံခန့်ခွဲမှု မဟာဗျူဟာဖြစ်ပါသည်။ ၎င်းမဟာဗျူဟာတွင် ဒီရေတောများအား ပြန်လည်နေရာချထားခြင်းကို အောင်မြင်ရန် မူဝါဒများနှင့် အစီအစဉ်များပါဝင်ပါသည်။[39]

၃၅။ အင်ဒိုနီးရှားနိုင်ငံတွင် ဒီရေတောကာကွယ်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းများအတွက် နိုင်ငံများစွာနှင့် သဘောတူညီချက်များရှိပါသည်။ အချို့သော သဘောတူညီချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဒီရေတော ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်း သဘောတူညီချက်ကို အင်ဒိုနီးရှားနိုင်ငံသည် (JICA) နှင့် ပူးပေါင်း၍ ဆောင်ရွက်ပါသည်။ ၎င်းသဘောတူညီချက်သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိဖြစ်ပြီး ရန်ပုံငွေ အမေရိကန်ဒေါ်လာ သုံးသိန်းအထိ ခွင့်ပြုခဲ့ပါသည်။

(ခ) သစ်တောပြုန်းတီးခြင်းနှင့်သစ်တောများပျက်စီးခြင်းကိုထပ်မံလျှော့ချရန် Bintan ကျွန်းရှိဒီရေတောဂေဟစနစ်အား ပြန်လည်ထူထောင်ရေးအတွက် ဒေသခံလူထု၏ ဒီရေတောဆိုင်ရာ သရုပ်ပြခြင်းသဘောတူညီချက်၏ ရည်ရွယ်ချက်မှာ ဒေသခံများ အနေဖြင့် ဒီရေတောဂေဟစနစ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ အပူပိုင်းသစ်လုပ်ငန်းအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ၂၀၁၂ ခုနှစ်နှင့်

[39]The Regulation of Sustainable Mangroves and Coastal Zones Management in Indonesia pdf မှ ကောက်နုတ်ထားပါသည်။ ကြည့်ရှုသည့်ရက်{၁၀-၃-၂၀၂၀}

၂၀၁၄ ခုနှစ်တွင် Bintan ကျွန်းတွင် ဒီရေတော ဂေဟစနစ်ဆိုင်ရာ လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

**နိဂုံး**

၃၆။ ဒီရေတောများသည် ပင်လယ်ကမ်းရိုးတန်းရှိသော နိုင်ငံများအတွက် သဘာဝမှ ပေးအပ်သည့် ရတနာတစ်ပါးဖြစ်ပါသည်။ ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များတွင် ဒီရေတောများသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အခြားသစ်တော အမျိုးအစားများနှင့် နှိုင်းယှဉ်ပါက မှန်လုံအိမ် အာနိသင်ဓါတ်ငွေ့ဖြစ်သည့် ကာဗွန်စုပ်ယူသိုလှောင်နိုင် စွမ်းအားမြင့်မားပါသည်။ လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ပေးနေသော၊ ကမ္ဘာကြီးပူနွေးလာမှုကို ဟန့်တားပေးထားနိုင်စွမ်းရှိသော၊ ရေထွက်သယံဇာတနှင့် သစ်တောထွက်သယံဇာတများကို ထုတ်လုပ်ပေးနေသော၊ အန္တရာယ်ရှိ အဆိပ်အတောက်များကို စုပ်ယူစစ်ထုတ်ပေးနိုင်စွမ်းရှိသော ဒီရေရောက်တောများ ပြုန်းတီးသွားခြင်းမရှိဘဲ ထာဝရရှင်သန်ဖွံ့ဖြိုးနေအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒီရေတော ထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်းများကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသော်လည်း ပြန်လည်စိုက်ပျိုးနိုင်သည့် ဧရိယာသည် ပြုန်းတီးသည့် ပမာဏကိုပြည့်မီရန်များစွာလိုအပ်ပါသေးသည်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ပအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ကမ်းရိုးတန်းနေဒေသခံ ပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ဇင်ဝေဖြိုး (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**